## ဤစာစောင်ဖြစ်မြောက်ရေးအတွက် ဓမ္မဒါနကုသိုလ်ရှင်များ

၁။ ဒေါ်နန်းမွေဟွမ်အင်း

၂။ ဒေါ်နန်းတင်ဦး

၃။ ဒေါ်နန်းခင်စု

၄။ မမြင့်မြင့်ခိုင် + မချိုမာဝင်း + မမိုးအောင်

၅။ Dr ဒေါ်ဝင်းဝင်းကြည် + ဒေါ်စန်းစန်းဝင်း

၆။ Dr ဒေါ်မာမာအေး

၇။ Dr ဒေါ်စန်းစန်းအေး

၈။ မခင်ဆန်းဆန်းအေး + မယုယုခိုင်

## လူ့ပုဂ္ဂိုလ်များဆိုင်ရာဓမ္မဒီပဗုဒ္ဓစာပေသင်တန်းကျောင်း

**ရုံး** - အမှတ်(၂၂၈)၊ ၃၂လမ်း၊ ၈၃-၈၄လမ်းကြား၊ မန္တလေးမြို့၊

**သင်တန်းနေရာ**- (၁) မဟာသန္တိသုခဓမ္မာရုံ၊ (၆၉)လမ်း၊
မဟာဗောဓိဘုရားဝင်းအတွင်း၊မဟာအောင်မြေမြို့နယ်။

(၂) ဒေါ်အေးစိန်ဓမ္မာရုံ၊ ၇၂ ×၂၇လမ်းထောင့်၊
ချမ်းအေးသာစံမြို့နယ်၊
ဖုန်း-၀၉-၉၁၀၄၁၀၆၂၊ ၀၉-၅၀၆၂၅၉၇၊ ၀၉-၉၁၀၀၄၁၃၈။

# ပေပို့ချခြင်း(၇)နှစ်မြောက် အထိမ်းအမှတ်

နှင့်

# ဓမ္မဒီပဗုဒ္ဓစာပေသင်တန်းကျောင်းဖွင့်လှစ်ထူထောင်ခြင်း

(၇)နှစ်မြောက် အထိမ်းအမှတ်အဖြစ်

ထုတ်ဝေပါသည်

# ကျေးဇူးတင်ရှိခြင်း

မျက်နှာဖုံး ဒီဇိုင်းကူညီရေးဆွဲပေးသော ကိုစိုင်းလှငွေနှင့် ဤစာစောင်အတွက် ဓမ္မဒါန အလှူငွေများထည့်ဝင်ကြသော ကုသိုလ်ရှင်များအားလုံးအား အထူးကျေးဇူး တင်ရှိပါသည်။

**လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မဒီပဗုဒ္ဓစာပေသင်တန်းကျောင်း**

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဘဝမီးငြိမ်းကြစို့<br>ဖိုးသာထူး (ဓမ္မလုပ်သား) | ၁ |
| ၂။ | တွန်းအားကလေး ဖြစ်စေချင်<br>မခင်ဆန်းဆန်းအေး (ဓမ္မဒီပသင်တန်းသူ) | ၁၁ |
| ၃။ | ယီးတီးယားတား သေ၍သွားသော်<br>ဒေါက်တာချိုချိုမာ (ဓမ္မဒီပ) | ၁၄ |
| ၄။ | ယဉ်ကျေးလိမ္မာသင်တန်းများမှသည်<br>ဓမ္မစကူးလ်များ ဆီသို့<br>ဒေါက်တာခင်မောင်ကြည်(ဓမ္မဒီပ) | ၁၉ |

**"မီးပွားလေး"** စ၍ ဖြစ်တာပါပဲ။ ထိုမြင်စိတ်ကလေးကို အခြေခံပြီးတော့ မနောဝိညာဏ် (ခေါ်) အတွင်းစိတ်မှာ အရင်အတိတ်မှာတုန်းက မှတ်ထားခဲ့တဲ့ **"သညာ"**မှတ်တမ်း (သညက္ခန္ဓာ)နဲ့ အဓိပ္ပာယ်ပြန်၍ ဖော်ပေးလိုက်ပါတယ်။ ဒါဟာ မီးပွားလေးကို အရှိန်မြှင့်ပေးလိုက်ခြင်းဖြစ်ပါတယ်။ မျက်စိက အဆင်းလေးကို အရောင်လေးနဲ့ ပုံသဏ္ဍာန်လေးကိုပဲ ပြတာပါ။ ဒါကို အတွင်းစိတ်က ဘာသာပြန်လိုက်တော့**"ထိုအရိပ်ပုံလေးကို အကောင်ဖြစ်အောင် ပုဂ္ဂိုလ်၊ သူ၊ ငါ၊ ချစ်သူ၊ မုန်းသူ၊ ရန်သူ"** ဆိုတာတွေ ဖြစ်လာအောင် ချက်ခြင်း အဓိပ္ပာယ် ဖော်ပေးလိုက်တာပါ။ ထိုသို့ မီးပွားလေးကို အရှိန်ပင့်မြှောက်ပေးလိုက်လို့ ဒီလူဟာ ငါ့ရဲ့ ရန်သူ၊ ဘယ်တုန်းက ငါ့ကို ဒုက္ခပေးခဲ့တာ၊ ငါ့ကို ဘယ်လို အကျိုးမဲ့တွေ လုပ်ခဲ့တယ် စသဖြင့် အသေးစိတ် ပြန်၍ ဖော်ပြပေးလိုက်ခြင်းပဲဖြစ်ပါတယ်။ မိမိအရင်တုန်းက မှတ်ထားခဲ့တာတွေက မီးပွားကို အရှိန်မြှင့်အောင် လုပ်ပေးလိုက်တာပါပဲ။ အဲ့ဒီတော့မှ တကယ့်ကို လောင်ကျွမ်းတော့တာပဲပေါ့။ ကိုယ့်ရဲ့ ခန္ဓာမှာ ဒီလိုမီးတွေ လောင်နေခြင်း၏ သဘောအမှန်ကိုမသိကြ၍ လောင်ပေမဲ့ လောင်မှန်းကို မသိနိုင်ပဲ ဖြစ်နေကြတာဖြစ်ပါတယ်။

ခန္ဓာမှာ လောင်ကျွမ်းနေတဲ့ မီးတွေကတော့ **"လောဘမီး၊ ဒေါသမီး၊ မောဟမီး"** တွေပဲဖြစ်ပါတယ်။ လောဘမီးနဲ့ ဒေါသမီး (လောဘ၊ ဒေါသတွေ) ထွက်တာကိုတော့ သိကြမှာပါ။ ထွက်ပုံမှာ ပထမအဆင့် ဒီလောဘ၊ ဒေါသဆိုတဲ့ ဓာတ်ခံလေးတွေက သတ္တဝါတိုင်းမှာ စဉ်ဆက်မပြတ် ဘဝတိုင်းကပ်ပါလာတဲ့ အနုသယခေါ် အကိန်းဓာတ်ခံလေးတွေပါ။ ပစ္စုပ္ပန်အာရုံ၏ လှုံ့ဆော်မှု အရှိန်မြှင့်ပေးမှုကြောင့် ဒီအကိန်းဓာတ်ခံတွေ ထွက်လာရတာပါ။ အနုသယဓာတ်ခံအဆင့်မှ အရှိန်တက်လာတော့ လှုပ်ရှားတက်ကြွတဲ့ ပရိယုဋ္ဌာနဆိုတဲ့ ဒုတိယအဆင့်မှာ ပရိယုဋ္ဌာန တက်ကြွလှုပ်ရှားသော ဒေါသဆိုတာ



# " ဘဝမီးငြိမ်းကြစို့ "

လယ်တီဆရာတော်ဘုရားကြီး၏ သံဝေဂအလင်္ကာ ထဲမှာ

. . . . . . . . . . . . . . . . .

. . . . . . . . . . . . . . . . .

အာရုံဝတ္ထု ၊ မီးစာစုကို
မှုမှုယယ ၊ နင်အားကျလည်း
ဓားပြ သေမင်း၊ သူ့တပ်နင်းက
မငြင်းဆန်သာ ၊ နင့်ခန္ဓာသည်
ပြာပုံအတိ ၊ ဖြစ်လုနီးပြီ . . . . .

. . . . . . . . . . . . . . . . .

နင့်ခန္ဓာသည် ပြာပုံအတိဖြစ်လုနီးပါပြီတဲ့။ ဆရာတော်ကြီးက "အာရုံနှင့်ဝတ္ထု"တို့ကို "မီးစာစု"ဆိုပြီး ဥပမာပြုထားတာပါ။ အာရုံဟူသည် စိတ်တို့၏ ပျော်မွေ့ရာနေရာ၊ "စိတ်"၏ သိခြင်းကိုခံရသော ဉေယျဓမ္မတရားများဖြစ်ပါတယ်။ **ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဓမ္မာရုံ** ဟူ၍ အာရုံ(၆)ပါးရှိပါတယ်။ ကျွန်တော်တို့ ခန္ဓာမှာ **စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဟဒယ** ဆိုတဲ့ ဝတ္ထုရုပ်(၆)ပါးတို့ ရှိနေပါတယ်။ ဝတ္ထုရုပ်ဟူသည် စိတ်၏ မှီရာ၊ စိတ်၏တည်ရာ ဌာနတွေဖြစ်ပါတယ်။ ထိုအာရုံနှင့် ဝတ္ထုဆိုသော ရုပ်တရားတို့ဟာ ခန္ဓာမှာ လောင်နေသော မီးတွေရဲ့ လောင်စာများ မီးစာစု-တွေပါလို့ ဆရာတော်ကြီးက တင်စားပြလိုက်တာပါ။ မြတ်စွာဘုရားရှင်ကလည်း သဠာယတနဝဂ္ဂသံယုတ် ပါဠိတော် သဗ္ဗဝဂ် အာဒိတ္တသုတ္တန်မှာ**"ရဟန်းတို့ အလုံးစုံသည် ပြောင်ပြောင် တောက်လောင်၏"** ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။

အပြင်အပမှာ လောင်တဲ့မီးတွေဟာ မကြာခဏ ကြားနေရတဲ့ လောင်ကျွမ်းခြင်းတွေပါ။ သို့သော် အတွင်းမှာ လောင်နေသောမီး, ခန္ဓာမီး၊ ဘဝမီးတွေဟာလဲ အစဉ်အမြဲလောင်နေမှန်း သိကြဘို့ ဘုရားရှင်က ဟောကြားရှင်းပြခဲ့တာဖြစ်ပါတယ်။ လောင်ကျွမ်းခြင်းဆိုတဲ့ သဘောမှာ လောင်စာလည်းရှိမှ၊ လောင်အောင် အထောက်အကူပြုသော ပစ္စည်းလဲရှိမှ လောင်ရတာပါ။ မိမိတို့ရဲ့ ရုပ်၊ နာမ်၊ ခန္ဓာမှာ လောင်နေတဲ့မီးတွေကို လောင်မှန်းသိကြရမယ်လို့ ရှင်တော်ဘုရားက ဟောဖော်ညွှန်ပြခဲ့တာဖြစ်ပါတယ်။ လောင်ကျွမ်းခြင်းဆိုသည် အာဒိတ္တ . . . လောင်ကျွမ်းပုံ၊ လောင်ကျွမ်းနည်း၊ လောင်ကျွမ်းခြင်း၏အဓိပ္ပာယ်သည် ပရိယာရလို့ဆိုတာပါ။ လောင်နေသော အဓိပ္ပာယ်တွေအမျိုးမျိုး၊ လောင်စာကလည်း အမျိုးမျိုး၊ လောင်အောင်ထောက်ပံ့နေတာလည်း အမျိုးမျိုး၊ လောင်နေတဲ့နေရာတွေလည်း အမျိုးမျိုး စသဖြင့် လောက်ကျွမ်းခြင်းတွေ အစဉ်အမြဲဖြစ်နေတာပါ။ ဒါဟာ ဘယ်မှာလဲဆိုတော့ ကျွန်တော်တို့ခန္ဓာမှာပါ။ ကိုယ့်ရဲ့ဘဝ၊ ကိုယ့်ခန္ဓာမှာ လောင်နေတဲ့ ခန္ဓာမီး၊ ဘဝမီးတွေဘဲဖြစ်ပါတယ်။

ခန္ဓာမှာ မီးလောင်နေခြင်းသဘောတွေမှာ ရူပက္ခန္ဓာ(ရုပ်ခန္ဓာကြီး)ကလဲပြောင်ပြောင်တောက်လောက်နေသလို နာမ်ခန္ဓာမှာလဲ ဒီလိုဘဲ လောင်မြိုင်နေတာဖြစ်ပါတယ်။ လောင်ကျွမ်းခြင်း၏အဓိပ္ပာယ်ကို မသိ၍၊ သေသေချာချာ မသင်ယူခဲ့ရခြင်းကြောင့်သာ လောင်နေခြင်းသဘောကို မသိကြတာပါ။ ကျွန်တော်တို့နေ့စဉ် စားသမျှ အစားအစာတွေဟာ ခန္ဓာကိုယ်အတွင်းမှာ အဆင့်ဆင့်ချေချက်လိုက်တော့ ကစီဓာတ်ခေါ် သြဇာဓာတ်တွေဖြစ်သွားပါတယ်။ ထိုသြဇာဓာတ်တွေဟာ လောင်စာတွေပါဘဲ၊ လောင်စာလောင်ကျွမ်းရန်အတွက် အောက်ဆီဂျင်ဆိုသော လေဓာတ်လိုအပ်ပါတယ်။ ယခု ကျွန်တော်တို့ စဉ်ဆက်မပြတ် ရှူနေတဲ့လေတွေက အောက်ဆီဂျင်ဓာတ်ကို ပေးနေတာပါ။ ထိုသို့ လေဓာတ်လည်းရ၊ လောင်စာလဲရှိနေလို့ လောင်ကျွမ်းမှုတွေဖြစ်နေရတာပါ။ ခန္ဓာကိုယ်ရှိ အစိတ်



အပိုင်း ဦးနှောက်၊ နှလုံး၊ အဆုပ်၊ အစာအိမ်၊ အူသိမ်၊ အူမ၊ ကျောက်ကပ်၊ သရက်ရွက်စသဖြင့် အလုံးစုံသော ကောဋ္ဌာသများကို ကလပ်စည်း(ခေါ်) Cell လေးတွေနဲ့တည်ဆောက်ထားတာဖြစ်ပါတယ်။ ကျွန်တော်တို့ ခန္ဓာမှာ ကုဋေတစ်သိန်းကျော်သော (Cell) ကလပ်စည်းများရှိပါတယ်။ ထိုကလပ်စည်းတိုင်း၏ လိုအပ်ချက်ဖြစ်သော သြဇာဓာတ်၊ အာဟာရဓာတ်၊ အောက်ဆီဂျင်လေဓာတ်တို့ရရှိနေခြင်းအတွက်ကြောင့် ထိုကလပ်စည်းတို့ တစ်ခုစီ၊ တစ်ခုစီ (Living cell) ရှင်သန်နေရခြင်းဖြစ်ပါတယ်။ ကလပ်စည်းထဲရှိ ဂလူးကို့စ် နှင့် သကြားဓာတ်၊ အောက်ဆီဂျင်လေဓာတ်တို့ ဓာတ်ပြုလောင်ကျွမ်းနေခြင်း သဘောပဲဖြစ်ပါတယ်။ ဤကဲ့သို့ ကလပ်စည်းတစ်ခုတိုင်း၊ တစ်ခုတိုင်းမှာ လောင်နေလို့ တစ်ကိုယ်လုံး လောင်ကျွမ်းရသဖြင့် အလုံးစုံ ပြောင်ပြောင်တောက်လောင်နေရခြင်းဖြစ်ပါတယ်။ ဒီလိုရုပ်ခန္ဓာ (ရူပက္ခန္ဓာ)တစ်ခုလုံး အမြဲလောင်နေခြင်းသဘောကို လောင်နေမှန်း မသိကြတာဟာ ကျွန်ုပ်တို့ရဲ့ အဖြစ်မှန်ပါ။

နာမ်ခန္ဓာရှိ နာမ်ဓာတ်များ မီးလောင်နေပုံ လောင်နည်းအပိုင်းမှာ ပို၍မသိနိုင်ဖြစ်ကြရတာပါ။ နာမ်ဓာတ်ခေါ်စိတ်ဖြစ်ပုံတွင် မှီရာ ဝတ္ထုနှင့် အာရုံဆုံဆည်းမိ၍ စိတ် (ဝိဉာဏ်)၊ ဖြစ်ပေါ်လာတာပါ။ ဒါကြောင့် လယ်တီဆရာတော်ကြီးက **"အာရုံ၊ ဝတ္ထု မီးစာစု"** လို့ ဆိုလိုက်တာပါ။ ကျွန်တော်တို့ "အဘိဓမ္မာ"မှာ သင်ခဲ့ကြရပါတယ်။ မြင်စိတ်၊ ကြားစိတ်၊ အနံ့စိတ်၊ အရသာစိတ်၊ အတွေ့စိတ် စတဲ့ စိတ်ငါးမျိုးတို့ပါ။ ထိုစိတ်ငါးမျိုးတို့ဟာ ဆိုင်ရာဒွါခေါ် ပသာဒ အကြည်ရုပ်ငါးမျိုးမှာ မှီ၍ ထိုစိတ်တွေဖြစ်နေတာပါ။ ပသာဒ (ခေါ်) အကြည်ရုပ်တို့ကို ကမ္မဇရုပ်လို့ခေါ်ပါတယ်။ ကံ၏ အထောက်အပံ့၊ ကံစွမ်းအား၊ ကံတရားက ကံ အရှိန်ရှိနေသ၍ အမြဲထောက်ပံ့ထုတ်ပေးနေခြင်းကြောင့်ပဲဖြစ်ပါတယ်။ စက္ခုပသာဒ (မျက်စိအကြည်ရုပ်)နဲ့ အဆင်း (ရူပါရုံ)တိုပ ထိတွေ့မှုကြောင့် မြင်စိတ် (စက္ခုဝိညာဏ်) ဖြစ်ပေါ်လာရတာပါ။ ဒီလိုမြင်စိတ်ကလေးပေါ်၍ လာခြင်းဟာ

လောင်နေတဲ့မီးတွေရှိပါတယ်။ ဒါကို မြင်အောင်ကြည့်ပါ။ သိအောင်လုပ်ပါ။ ဒီမီးတွေကို ဉပါဒါန်(ခေါ်) အစွဲအမှတ်တွေက အရှိန်မြှင့်ပေးနေတာပါ။ ဒီလိုအရှိန်မြှင့်ပေးလိုက်လို့ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေ ထွက်ပေါ်လာရတာပါ။ အဲ့ဒီမီးတွေ သတ္တဝါတိုင်းမှာ စဉ်ဆက်မပြတ် မရပ်မနားလောင်နေတာဖြစ်တယ်လိုပ ဘုရားရှင်က ဟောပြပေးလိုက်တာပါ။ ဘဝတစ်ခုမှာ ခန္ဓာရယ်လို့ ရလာရင် အကြောင်းမီး (၃)ပါးနဲ့ အကြောင်းဆက်မီး (၈)ပါး၊ ဒီ(၁၁)ပါးသော မီးတွေ(၇)ဌာနမှာ ပြောင်ပြောင်တောက်လောင်နေတာပါဟူ၍ မြတ်စွာဘုရားသည် ဤတရားတော်ကို ဟောတော်မူခဲ့တာဖြစ်ပါတယ်။ ရှင်တစ်ထောင်တို့ဟာ အဲ့ဒီတရားတော်ကို နာရ၊ ကြားရတော့မှ သူတို့ပြုစုကိုးကွယ်နေတဲ့မီးဟာ အားကိုးရာ အစစ်မဟုတ်၊ အားကိုးရာ အစစ်မှာ ရုပ်၊ နာမ်၊ ခန္ဓာမှာ လောင်နေသော မီးကို မီးမှန်းသိသောပညာ၊ လောင်ကျွမ်းခြင်းကို လောင်ကျွမ်းခြင်းအဖြစ် သိသော ဉာဏ်ပညာပါတကားဟူ၍ အထက်ပါ(၇)ဌာနတို့၌ဖြစ်သော သဘာဝတရားတို့သည် အနိစ္စ (မမြဲ)ဟူသော ဤအကြောင်းကိုသာ နှလုံးသွင်း အမှန်ရှုမြင်လာကြတာပါ။ ဤစကားပြေ သက်သက်ဒေသနာကို ဟောဆဲကာလမှာပင် ထိုရှင်တစ်ထောင်တို့၏ စိတ်တို့သည် (တဏှာ၊ ဒိဋ္ဌိ တို့ဖြင့်) တစ်စုံတစ်ခုသောအာရုံကို မစွဲလမ်းမူ၍ အသဝေါတို့မှ လွတ်မြောက်ကြကုန်ညပီး ရဟန္တာ ပုဂ္ဂိုလ်တွေဖြစ်သွားကြပါတော့တယ်။

ကျွန်တော်တို့ဟာ ရုပ်၊ နာမ် ခန္ဓာမှာ တောက်လောင်နေတဲ့ မီးကို မသိကြပါ။ မသိသော သဘောကြောင့် မီးကို မကြောက်ကြပါ။ ထို "မသိတဲ့" အခြေခံဟာ "မောဟ"လို့ ခေါ်ပါတယ်။ အဝိဇ္ဇာလို့လဲခေါ်ပါတယ်။ ဒီလို အဓိပ္ပါယ် မသိခြင်းကြောင့်ပင် မကြောက်ခြင်းဖြစ်တာပါ။ မီးကို မကြောက်ဘူးဆိုတော့ လောင်နေတာတွေကို မကြောက်၍ လောင်ခြင်းကြောင့် ဖြစ်ပေါ်လာမဲ့ ဒုက္ခကိုလည်း မသိနိုင်တော့ပါဘူး။ မသိတော့ဖြစ်လာမဲ့ ဒုက္ခကိုလည်း မကြောက်ဘူးဖြစ်ရတာပေ့ါ။ အဲ့ဒါဟာ ပုထုဇဉ်တိုင်းရဲ့ ဘဝ၊ ပုထုဇဉ်တို့ရဲ့ ကြီးမားတဲ့ မသိမှု၊ နားမလည်မှု တွေပဲဖြစ်ပါတယ်။ ဘဝခရီးကို လျှောက်နေရတဲ့ ပုထုဇဉ်တိုင်းဟာ "ဘဝမီး" လောင်နေမှန်း မသိဘဲနဲ့ လျှောက်နေကြတာပါ။ ဒီလို



မနောဝိညာဉ်မှာ ဖြစ်ပေါ်လာရတာပါ။ ထိုမှ တတိယအဆင့်တက်လိုက်တော့ လောင်တဲ့ အရှိန်တွေ များများလာတော့ မခံချင်မှုတွေဖြစ်ရပြီး ပါးစပ်က အော်ဟစ်ပြောဆိုမိလိုပ ဝစီကမ္မတွေဖြစ်ရပါပြီ။ တခါဝစီကံဆင့်မှ လွန်၍ ကိုယ်နဲ့ ကိုယ်ထိလက်ရောက် တွေဆက်၍ ကျူးလွန်မိပြန်တော့ ကာယကမ္မတွေဖြစ်ရပြီး ဝီတိက္ကမ ဒေါသအဆင့် ကမ္မပထမြောက် အဆင့်ထိ အဆင့်ဆင့်ပြင်းပြင်းထန်ထန် လောင်ကျွမ်းတော့တာ ဖြစ်ပါတယ်။

ဤကဲ့သို့ မြင်နေသော အာရုံနှင့်တွဲ၍လည်းကောင်း၊ ကြားနေသောအာရုံနှင့်တွဲ၍ လည်းကောင်း အသီးသီးတွေလောင်နေတာပါ။ ဒွါရ နှင့် အာရုံတို့အလိုက် မီးတွေဟာ **"သူ့တံခါးနှင့် သူ့မီး"** အမျိုးမျိုးစဉ်ဆက်မပြတ် ခန္ဓာမှာ လောင်နေရတာပါ။ အဘယ်အကြောင်းကြောင့် လောင်နေရသည်ဆိုပါက**"ဇာတိ"**ရှိလို့ပါ။ ပဋိသန္ဓေတည်ခြင်း ဆိုသော ခန္ဓာရပါက **"ဇာတိမီး"** က ပါလာပြီးသားပါ။ ထို ဇာတိမီးက အစပြု၍ ကျွန်တော်တို့ နာမ်ခန္ဓာမှာ **"သောကမီး၊ ပရိဒေဝမီး၊ ဒုက္ခမီး၊ ဒေါမနဿမီး၊ ဥပယျာသမီး"**တွေ တစ်ဘဝလုံး လောင်မြိုက်နေတာပါ။ ထိုသို့ လောင်နေရင်း လောင်နေရင်းဖြင့် အိုခြင်းဆိုသော **"ဇရာမီး"** သေခြင်းဆိုသော **"မရဏမီး"**တွေ ဆက်၍ ဆက်၍ ပွားလာရခြင်းဖြစ်ပါတယ်။ ဤသို့သော မီးများ မရပ်မနားလောင်နေခြင်းကိုပင်**"ဘဝ"**လို့ ခေါ်ရတာပါ။ ဒါကြောင့် ဘဝဆိုတာ ဘဝမီးတောက်လေးနဲ့ သွားနေရတာပါ။ ရုပ်ခန္ဓာမှာလဲ မီးတောက်နဲ့ နာမ်ခန္ဓာမှာလဲ မီးတောက်နဲ့၊ ထိုထို မီးတောက်တွေ လောင်မြိုက်ခံနေရခြင်းကို **"ဘဝမီး"**လို့ ခေါ်ဆိုရတာဖြစ်ပါတယ်။

သဠာယတနဝဂ္ဂသံယုတ်ပါဠိတော်သဗ္ဗဝဂ် အာဒိတ္တသုတ်တော်လာ အလုံးစုံ ပြောင်ပြောင် တောက်လောက်တတ်သော တရားများတွင် မျက်စိ၌ ပြောင်ပြောင် တောက်လောင်နေပုံကို သေချာစေ့စုံစွာ ဖော်ပြပါမယ်။

(၇) ဌာန
- မျက်စိ (စက္ခု)သည် ပြောင်ပြောင်တောက်လောင်၏
- အဆင်း (ရူပါရုံ)တို့သည် ပြောင်ပြောင်တောက်လောင်၏
- မျက်စိအသိ (စက္ခုဝိဉာဏ်)သည် ပြောင်ပြောင်တောက်လောင်၏
- မျက်စိအတွေ့ (စက္ခုသမ္ဖဿ)သည် ပြောင်ပြောင်တောက်လောင်၏
- မျက်စိအတွေ့ကြောင့်ဖြစ်သော ခံစားမှု သုခ၊ ဒုက္ခ၊ ဥပေက္ခာ (ဝေဒနာ) သည်လည်း ပြောင်ပြောင်တောက်လောင်၏

အဘယ်အကြောင်းကြောင့် ပြောင်ပြောင်တောက်လောင်ပါသနည်း။

အကြောင်း (၃)ပါး
(၁) စွဲမက်မှု (ရာဂ) မီးဖြင့်
(၂) အမျက်ထွက်မှု (ဒေါသ)မီးဖြင့်
(၃) တွေဝေမှု (မောဟ)မီးဖြင့် ပြောင်ပြောင်တောက်လောင်၏

အကြောင်းမီး(၃)ပါးဖြစ်ခြင်းကြောင့် အကြောင်းဆက်မီးတွေ ဆက်၍ လောင်ရပြန်ပါတယ်။

အကြောင်းဆက်မီး (၈)ပါး
(၄) ပဋိသန္ဓေနေမှု (ဇာတိ)
(၅) အိုမှု (ဇရာ)
(၆) သေမှု (မရဏ)
(၇) စိုးရိမ်မှု (သောက)
(၈) ငိုကြွေးမှု (ပရိဒေဝ)
(၉) ကိုယ်ဆင်းရဲမှု (ဒုက္ခ)
(၁၀) စိတ်ဆင်းရဲမှု (ဒေါမနဿ)
(၁၁) ပြင်းစွာပင်ပန်းမှု (ဥပါယာသ) မီးတို့ဖြင့်ပြောင်ပြောင်တောက်လောင်၏



ထို့ပြင် "ဘဝမီး"တောက်လောက်နေခြင်းသဘောကို သဗ္ဗညုဗုဒ္ဓ ဘုရားရှင်မှ "သမုဒ္ဒဝဂ်" အာဒိတ္တပရိယာယ သုတ်တော်မှာ ဤသို့ ဟောကြားရှင်းပြခဲ့ပါသေးတယ်။ ဤရှင်တစ်ထောင် တရားတော်ကို ကဿပညီနောင်(၃)ဦးခေါင်းဆောင်သော တစ်ထောင်သော ရသေ့(ရဟန်း)တို့ကို ဟောကြားခဲ့တာပါ။ ရှင်တစ်ထောင်ရသေ့တို့ဟာ အလွန်ပြင်းပြင်းထန်ထန် ကျင့်ကြံနေကြသူတွေဖြစ်ပါတယ်။ သူတို့ရဲ့ အားထုတ်ကိုးကွယ်မှုက "မီး"ကို ကိုးကွယ်ကြတာပါ။ သူတို့ကိုးကွယ်နေတဲ့ မီးကို စဉ်ဆက်မပြတ် မငြိမ်းရအောင် အမြဲတမ်း လောင်စာတွေ ထည့်ပေးနေရတာ ဖြစ်ပါတယ်။ လောင်စာအမျိုးမျိုး ဆီးဦး၊ ထောပတ်လည်းထည့်၊ မီးစာလဲထည့်၍ မီးကို မပြတ်မလပ်အောင် လုပ်နေရသော နည်းမျိုးနဲ့သူတို့ မီးကို ကိုးကွယ်ကြတာဖြစ်ပါတယ်။ တစ်ဝါတွင်းမှာ မြတ်စွာဘုရားက သူတို့ဆီသွားပြီး သီတင်းသုံးနေတော်မူပါတယ်။ ရှင်တစ်ထောင်တို့ကလည်း ဘုရားရှင်ကို ကောင်းစွာ လက်ခံကြိုဆို ဧည့်ဝတ်ပြုကြပါတယ်။ သို့သော် သူတို့ကဲ့သို့ ကျင့်နိုင်အားထုတ်နိုင်မှာမဟုတ် သူတို့လို တရားထူးတရားမြတ်ကို လေ့လာကြည့်ရှုပြီး သူတို့ ရှင်တစ်ထောင်တို့ သဘောပေါက်နားလည်လောက်တဲ့အချိန်ရောက်မှ ဟောကြားဆုံးမဖို့ မေးခွန်းတစ်ခုစ၍ မေးလိုက်ပါတယ်။ သင်တို့ ယခုလို ပူဇော်နေတဲ့မီးဟာ ဘယ်လိုဘယ်ပုံ လောင်ကျွမ်းနေတာလဲလို့ မေးလိုက်တာပါ။ ဒီအခါမှာ ရှင်တစ်ထောင်တို့က လောင်တာကိုပဲသိပါတယ် မီးကိုပူဇော်ပါက အကျိုးဖြစ်တယ်လို့ပဲ သိပါတယ်လို့ ပြန်၍ ဖြေကြားကြပါတယ်။ ဘုရားရှင်က အဲဒီမီးဟာ အပြင်မှာ လောင်တဲ့မီးပါ အတွင်းမှာ လောင်နေတဲ့ မီးတွေကိုရော သင်တို့သိကြပါရဲ့လားလို့ မေးခွန်းထုတ်လိုက်ပြန်ပါတယ်။ ဤမေးခွန်းအတွက် သူတို့မှာ ဖြေကြားဖို့ အဖြေမရှိပါ။ သို့သော် သူတို့က ပညာလည်းရှိ ကြိုးစား၍ ကျင့်ကြံနေကြသူ ပုဂ္ဂိုလ်များဖြစ်၍ **"အတွင်းမီး လောင်နေခြင်း"**ကို ဟောပြပါဦးဘုရားလို့ ဆိုတော့မှ ဘုရားရှင်က အာဒိတ္တပရိယာယသုတ်ကို ဟောကြားတော်မူခဲ့တာ ဖြစ်ပါတယ်။

ဒွါရ (ခေါ်) တံခါးပေါက်တွေ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ ၊ ကိုယ် ထိုဒွါရတွေမှာ

ဆက်မှာလား။ အကုသိုလ်ကံဆိုတဲ့ လက်မှတ်မဲ့ဘဝနဲ့ မျက်နှာပန်းမလှအောက်ကျ နောက်ကျ အပါယ် ၄ ဘုံကို သက်ဆင်းကြမလား။ ကြိုတင်စဉ်းစားထားကြဖို့ အချိန်တန်ပါပြီ။ ဘယ်အချိန် ဘယ်အခါ ဘယ်အရွယ် ဘယ်ဒေသမှာ သေကြရပြီး ဘယ်ရောက်မယ်ဆိုတာ အများသူငါမသိကြတာကတော့အမှန်ပါ။ ဇနီး၊ မယား၊ သမီး၊ သားနဲ့ လင်သား အိမ်ရာ အဖြာဖြာကို ငဲ့ကွက်ပြီး အချိန်တွေဖြုန်းနေမယ်ဆိုရင် မရဏဆိုတဲ့သေမင်းက လက်ဦးသွားတတ်တယ်နော်။ "မနက်ဖြန်ဆိုတာ ဝေးသေးတယ် နောက်ဘဝဆိုတာ အနီးလေး"ဆိုတဲ့ စကားဟာ သိပ်ကိုမှန်ပါတယ်။ သေခြင်းတရားဟာ အချိန်တိုင်းနေရာတိုင်းမှာ ရောက်လာနိုင်တယ်ဆိုတာ သတိပြုနားလည်ကြရင် ဓမ္မမိတ်ဆွေတို့ အနှစ်မပါတဲ့ အကာအလုပ်တွေကို မချစ်ခင်ဘဲ စွန့်ပစ်နိုင်ကြမှာပါ။ သံသရာခရီးကို မျက်နှာပန်းလှလှနဲ့ မရဏမင်းခေါ်တဲ့အခါ အဆင်သင့်လိုက်နိုင်ဖို့ဆိုရင် အားကိုး (ထောက်တည်)စရာ တစ်ခုတော့ရှိဖို့လိုတာပေါ့။

သံသရာခရီးမှာသုံးစွဲနိုင်ဖို့အတွက် ဒါန၊ သီလ၊ ဘာဝနာရိက္ခာတွေစုဆောင်းထားကြရအောင်လားနော်။ ဇရာ - မရဏ ဘေးတွေ မရောက်လာခင် လောဘ၊ ဒေါသ၊ မောဟ ဆိုတဲ့ စူးဝင်နေတဲ့ ဆူးကြီး(၃)ချောင်းကို ဒါန၊ သီလ၊ ဘာဝနာဆိုတဲ့ လက်နက်ကောင်းတွေနဲ့ ဆွဲနုတ်ပစ်ကြပါစို့လား။ ကျွန်မအပါအဝင် ဓမ္မမိတ်ဆွေတို့အားလုံး အလွန်ရခဲတယ်ဆိုတဲ့ လူဘဝကြီးကိုရထားကြပြီ။ အလွန်ကြုံတွေ့ခဲတဲ့ မြတ်ဗုဒ္ဓရဲ့ သာသနာတော်နဲ့လည်း ကြုံတွေ့နေရပြီ။ အလွန်တရာနက်နဲကျယ်ပြန့်လှတဲ့ (မြတ်ဗုဒ္ဓရဲ့တရားတော်) အဘိဓမ္မာတရားတော်တွေကိုလည်း ဓမ္မဒီပ ဗုဒ္ဓစာပေသင်တန်းကျောင်းကြီးမှာ ကျေးဇူးရှင် ဆရာကြီး ဒေါက်တာဦးခင်မောင်ကြည် ဆရာမကြီး ဒေါက်တာဒေါ်ချိုချိုမာနှင့်တကွ ဆရာ၊ ဆရာမများ၏ မေတ္တာ၊ ကရုဏာများကြောင့် သင်ယူလေ့လာမှတ်သားခွင့်ကို ရနေကြပြီ။

သဒ္ဓါတရားရှိတဲ့ အမျိုးကောင်းသား သမီးတွေလည်းဖြစ်နေကြပြီ။ ရခဲတဲ့အခွင့်အရေး



လျှောက်နေတဲ့ဘဝကိုပဲ တွယ်တာ၊ တပ်မက်၊ ကြိုက်နှစ်သက်နေကြတာပါ။ ကြိုက်နှစ်သက်

သဘောလေးကို "လောဘ"လို့ ခေါ်တာပါ။ တဏှာလို့လည်းခေါ်ပါတယ်။ ဘဝကို ကြိုက်နေတဲ့ သဘောကိုပဲ "ဘဝတဏှာ"လို့ဆိုတာပါ။ ဘဝတဏှာ၏ အစွမ်းကြောင့်ပဲ ဒီမီးတွေဟာ ဆက်၍ဆက်၍ လောင်နေခြင်းဖြစ်ပါတယ်။ ဒီသဘောလေးကို သေသေချာချာ နှလုံးသွင်းမိကြရမှာပါ။ "လောဘမီး" "မောဟမီး"နဲ့ ပူးတွဲ၍ ဘဝမီးကို ဆက်၍ ဆက်၍ လောင်အောင်လုပ်နေကြ၍ မီးလောင်နေတဲ့ ဒုက္ခကိုလည်းမသိ၊ လောင်လို့လောင်မှန်းလည်း မသိဖြစ်ရတာဟာ ကျွန်တော်တို့ ပုထုဇဉ်တိုင်းရဲ့ အဖြစ်မှန်ပါ။

ခန္ဓာမှာ မီးလောင်တယ်ဆိုတဲ့ သဘောကို ဘုရားရှင်ပေးသော ပညာနှင့် ယှဉ်၍ ဆင်ခြင်တတ်ပါမှ မီးမှန်းသိတာပါ။ ကိုယ့်မှာလောင်နေတဲ့မီးကို မီးမှန်း မသိတာ ပညာ မရှိလို့ပါ။ ဘုရားရှင်ပေးသော ပညာသည် မီးကို မီးမှန်းသိသော အဖိုးတန်သော ပညာ အမွေပင်ဖြစ်ပါသည်။ မိမိခန္ဓာမှာ လောင်နေသော မီးကို မီးမှန်းသိလာရင် ငြိမ်းဖို့ပဲလိုပါတယ်။ ကျွန်တော်တို့တွေ အမြဲတမ်းလက်ကိုင်ထားရမှာက **"သတိထား"**ပါ။ အမြဲတမ်း ဒီခန္ဓာမှာ မီးတွေလောင်နေပါလားလို့ သတိတရားနှင့်ယှဉ်၍ ဆင်ခြင်နေကြရပါမယ်။ ဒီလို နှလုံးသွင်းဆင်ခြင်နေရမဲ့ အလုပ်ဟာ ကျွန်တော်တို့ရဲ့ အရေးကြီးသောအလုပ်ပါ။ သံသရာမှ ထွက်မြောက်ကြောင်းအလုပ်သည် **"သတိနှင့်ယှဉ်၍ ဘဝမီးတောက်ကို ငြိမ်းအောင်"** လုပ်ရမဲ့ အလုပ်ပဲဖြစ်ပါတယ်။ "သာသနာခရီးသည်တစ်ဦး၏ "သတိတရား" ဟူသော သံဝေဂ ကဗျာလေးတစ်ပုဒ် ဖတ်ခဲ့ဖူးပါတယ်" ဆုတောင်းပြည့် ဘုရားထဲမှာ ဖတ်ခဲ့ရတာပါ။

"သံဝေဂ ကဗျာ" လေးက

- ◆ အသက်တွေလည်းကြီးလာပြီ၊
  လောဘ ၊ဒေါသ၊ မောဟတွေ ကြီးတုန်းပဲလား။
- ◆ သွားတွေကျိုးနေပြီ၊
  မာန်စွယ်တွေ မကျိုးသေးဘူးလား။

- ◆ အရေတွေတွန့်နေပြီ၊
  မကောင်းမှု အကုသိုလ်အလုပ်တွေ မတွန့်သေးဘူးလား။
- ◆ အသားတွေလျော့နေပြီ၊
  တဏှာဆန္ဒတွေ မလျော့သေးဘူးလား။
- ◆ ဆံပင်တွေဖြူနေပြီ၊
  စိတ်ထားတွေ မဖြူသေးဘူလား။
- ◆ မျက်စိတွေမှုန်နေပြီ၊
  နိဗ္ဗာန်သွားမည့်လမ်းမှုန်နေတုန်းပဲလား . . . ပါတဲ့။

တို့အတူသာလျှင်

- ◆ ခန္ဓာမီးတွေအလုံးစုံ တောက်လောင်နေပြီ၊
  ဘဝမီးငြိမ်းသတ်ဖို့ မကြိုးစားကြသေးဘူးလားလို့ . . . ။

နောက်တစ်ပတ်ကျရင် ဘဝမီးငြိမ်းကောင်းခဲ့တဲ့ "ပဋာစာရီထေရ်ရီ၏ ဘဝ ရေစီးကြောင်းမှ လွတ်မြောက်ပုံလမ်းစဉ်" တရား ဇာတ်ကြောင်းလေးကို ပြောပြချင်ပါတယ်။ ဒီတစ်ပတ်မှာတော့ ဒီလောက်နဲ့ပဲ . . .

ဓမ္မမိတ်ဆွေအားလုံး ခန္ဓမီးငြိမ်း၍ ဘဝမီးငြိမ်းအောင် သတိဆောင်နိုင်ကြပါစေ . . . ဟု ဆန္ဒပြုရင်း ဘဝမီးငြိမ်းလိုက်ပါစို့ . . .

သာဓု . . . သာဓု . . . သာဓု

**ဓမ္မဒီပ သင်တန်းသား**

**ဓမ္မလုပ်သား**

**မိုးသာထူး**



# " တွန်းအားကလေး ဖြစ်စေချင် "

ဓမ္မမိတ်ဆွေတို့ရေ . . . .

အောက်ဖော်ပြပါအချက်အလက်လေးတွေဟာ ဓမ္မမိတ်ဆွေတို့အတွက် တွန်းအားကလေးတစ်ခုဖြစ်ခဲ့မယ်ဆိုရင် . . .

ဓမ္မမိတ်ဆွေတို့လည်း ခရီးတစ်ခုတော့သွားဖူးကြမှာပါ။ ကျွန်မတို့အပါအဝင် လူတွေဟာ ခရီးတိုလေးများသွားကြရင်တောင်မှ နေရာကောင်းရဖို့ နေရာလုနေကြတယ်နော်။ လမ်းခရီးတိုလေးမှာ စားသောက်ကြဖို့အတွက် အပင်ပန်းခံငွေကုန်ကြေးကျခံပြီး စီးစဉ်ဆောင်ရွက်တတ်ကြတယ်မဟုတ်လား။ အလွန့်အလွန် ရှည်လျားလှတဲ့ သံသရာ ခရီးရှည်ကြီးကို သွားဖို့ကြတော့ မေ့ထားသလိုဖြစ်နေကြတယ်နော်။ ဟိုး . . ဂင်္ဂါမြစ်ကြီး ထဲမှာရှိတဲ့ သဲမှုန်အရေအတွက်ထက် များပြားလှတဲ့ ဘဝပေါင်း အသင်္ချေတို့ကိုလည်း ကုန်လွန်ခဲ့ကြပြီးပြီ။ နောက်ထပ်လည်း ဘဝပေါင်းများစွာ သံသရာကြီးထဲနစ်မျောကြရဦးမယ်။ အခု လူ့ပြည်ကိုလာခဲ့တုန်းက တစ်ယောက်တည်းပဲနော်။ ကျွန်မတို့ သဂါထာဝဂ္ဂမှာ သင်ရတာက သတ္တဝါတွေရဲ့ ကာယ၊ ဝစီ၊ မနောနဲ့ ပြုလုပ်လိုက်တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံတွေဟာ သတ္တဝါတွေ ယူဆောင်သွားရမယ့် ဥစ္စာဖြစ်တယ်။ အရိပ်သည် အစဉ်လိုက်သကဲ့သို့ မိမိပြုတဲ့ကောင်းမှု မကောင်းမှုတွေဟာ အစဉ်လိုက်တယ် အဲဒီကံတွေဟာ တမလွန်လောကမှာ သတ္တဝါတွေရဲ့တည်ရာ မှီခိုအားထားရာဖြစ်တယ်တဲ့။ ဒါကြောင့် သံသရာခရီးကို သွားတဲ့အခါမှာ မဟဂ္ဂုတ်ကုသိုလ်ကံလို့ခေါ်တဲ့လက်မှတ်နဲ့ အထက်ပြဟ္မာ့ ပြည်ကိုတက်မှာလား။

ကာမာဝစရကုသိုလ်ကံလို့ခေါ်တဲ့ လက်မှတ်နဲ့ လူ့ပြည်ပြန်လာမှာလား။ နတ်ဘုံကို

လူဆိုတဲ့ သဘောက မကောင်းမှုတွေမှာသာ မွေ့လျော်တာလေ။ အခုလို မကောင်းမှုဆိုတာ ဆင်းရဲဒုက္ခကိုဖြစ်စေတဲ့ အခြေအနေဆိုးလို့ လမ်းညွှန်ပြသမှု မရှိဘူးဆိုရင် အားလုံးဟာ ဆင်းရဲဒုက္ခတွေကိုပဲ ပိုက်ထွေးနေရတော့မှာပေါ့။

ဒါကြောင့် သာသနာပကာလဆိုတာ အမှောင်ထဲမှာနေရတာလို့ဆိုတာ။ အခုရှင်းရှင်းလင်းလင်း မြင်လာပြီ။ ဓမ္မမိတ်ဆွေတို့ကော မြင်ရဲ့လား ?။ ဒါ့ကြောင့် သာသနာနဲ့ကြုံတွေ့ခွင့်ရတာ ဘယ်လောက် အကျိုးဖြစ်ထွန်းတယ်ဆိုတာ မြင်ရပြီမဟုတ်လား။ ဒီလိုအခွင့်ကောင်းရနေတာကို အခွင့်ကောင်းလို့ မမြင်ဘဲ လက်လွှတ်လိုက်ရင် ကိုယ့်မှာ ဆုံးရှုံးမှုများစွာ ရရှိမှာဖြစ်တယ်။ ဒီလိုပဲ ဘာမှ လက်ဆုပ်လက်ကိုင်မရှိပဲ ဆုံးရှုံးမှုတွေ ပိုက်ပြီးလျှောက်လာခဲ့ရတဲ့ခရီး အတော်ရောက်လာပြီ မဟုတ်လား။ ဘယ်လောက်ရှည်သလဲ !။ အစတောင်ရှာမရနိုင်တော့ဘူး။

အခုအချိန် - သာသနာတွင်း ကာလလဲဖြစ်တယ်
- သာသနာထွန်းကားတဲ့အရပ်မှာ လူဖြစ်ရတယ်
- အကြည်ဓာတ်တွေလည်း ကောင်းတယ်

ဒီအခြေအနေကောင်းတွေကို မှီပြီး၊ ကိုယ့်သန္တာန်မှာ သဒ္ဓါတရားတွေတိုးတက်သည်ထက်တိုး၊ ခိုင်သည်ထက် ခိုင်အောင်ကြိုးစားသင့်တယ်၊ ကောင်းတာလုပ်ချင်တဲ့စိတ်ခိုင်သည်ထက် ခိုင်အောင်ကြိုးစားသင့်တယ်၊ မကောင်းတာ ရှောင်ချင်တဲ့စိတ်၊ ခိုင်သည်ထက် ခိုင်အောင်ကြိုးစားသင့်တယ်. . .

လူရယ်လို့ဖြစ်လာတာ - လုပ်သင့်တာ/မလုပ်သင့်တာ ရွေးချယ်ခွင့်ရှိတယ်။
- ကိုယ့်ဆန္ဒထုတ်ဖော်ခွင့်ရှိတယ်
- ဆုံးဖြတ်ပိုင်ခွင့်လည်းရှိတယ်
- ကိုယ့်ဝီရိယရဲ့ အကျိုးကို ခံစားခွင့် ရှိတယ်။



ကောင်းကြီး တွေ ပြည့်စုံအောင် ရထားပါလျက် သံသရာဝဋ်ဆင်းရဲကနေ ကျွတ်လွတ်အောင် မကြိုးပမ်းကြ၊ အားမထုတ်ကြရင်ဖြင့် လူကောင်းလို့မှ ခေါ်လို့ရပါတော့မလားနော်။ ဥပမာလေးတစ်ခု သစ်ပင်လေးတစ်ပင်ကို ပေါက်စေချင်၊ ရှင်သန်ကြီးထွားစေချင်လို့ ပြုစုပျိုးထောင်လာခဲ့ပြီး အခက်အလက်တွေနဲ့ ဝေဝေဆာဆာဖြစ်မှာစိုးလို့ အညွန့်ချိုးပစ်လိုက်သလိုပဲ မြတ်ဗုဒ္ဓရဲ့ သာသနာတော်နဲ့ တွေ့ချင်လွန်းလို့ ဒီလောက်ထိအောင် ပါရမီတွေ ဖြည့်လာခဲ့ပြီးကာမှ တကယ်လည်း သာသနာတော်နဲ့ကြုံတွေ့ရော မသိမသာ ဝေဝေဝါးဝါး မေ့မေ့လျော့လျော့နဲ့ ငါးဖြာအာရုံကာမဂုဏ်တွေနဲ့ ပျော်မွေ့နေကြတော့မလို့လားဟင်။ ကိုယ်တိုင်ပြုစုပျိုးထောင် ဖြည့်ဆည်းလာခဲ့တဲ့ (၁၀)ပါးသော ပါရမီအညွှန့်တွေကို မချိုးမိကြဖို့သတိပြုရပါမယ်။ သုံးစင်းသော ဖောင်တော်ကြီးတွေနဲ့ လွဲခဲ့ရပြီး တို့တစ်တွေဟာ ပင်ပန်းစွာ ကျန်ရစ်ခဲ့ရတယ်နော်။ ယခုကြုံနေဆဲ ဖောင်တော်ကြီးရဲ့ ပဲ့အမြီးကနေလိုက်စီးနိုင်မှ သင့်တော်တော့မယ်ထင်ပါရဲ့။ ဒါမှမဟုတ် အရိမေတ္တယျ ဖောင်တော်ကြီးရဲ့ ဦးခေါင်းခန်းကနေ စီးရဖို့ ရည်မှန်းကြိုးစားရင်း အသင့်မျှော်နေကြဦးမှာလား။ မျှော်နေဦးမယ်ဆိုရင်လည်း ကူးတို့ဖောင်ခအတွက် ဟုဆောင်ထားမှတော်ကြတော့မယ်ပေါ့။ လူ့ဘဝရောက်တုန်းရောက်ခိုက် သာသနာတော်နဲ့ ကြုံတုန်းကြုံခိုက်မှာမှ မစုဆောင်းသွားကြဘူးဆိုရင်ဖြင့် ဒုက္ခဆိုတာကို လက်တွဲခေါ်သလိုဖြစ်သွားမှာပေါ့။ ခဏတာလေးနေရတဲ့ လူ့ဘဝကြီးမှာ ကောင်းကောင်းနေ၊ ကောင်းကောင်းဝတ်၊ ကောင်းကောင်းစားရဖို့အတွက် ငွေနောက်တကောက်ကောက် လိုက်နေကြတဲ့ မတော်လောဘတွေကို လျှော့ကြပါစို့လား။ အပြစ်မဖြစ်အောင်၊ အကုသိုလ်မဖြစ်အောင် မမေ့မလျော့ခြင်း (သတိ)နဲ့ နေကြရအောင်နော်။ "ဦးခေါင်းထက်မှာ မီးလောင်နေတာကို မငြိမ်းသတ်မှီ ရင်ဝမှ လှံစူးနေတာကို မဆွဲနှုတ်မှီ မရဏဆိုတဲ့ သေမင်းထက်အရင် ဦးအောင်တရား အားထုတ်လိုက်ပါ" လို့ မဟာကရုဏာရှင် မြတ်ဗုဒ္ဓက တိုက်တွန်းတော်မူခဲ့တယ်

မဟုတ်လား။) ကဲ ဓမ္မမိတ်ဆွေတို့ရေ . . . ကျေးဇူးတော်ရှင်မြတ်စွာဘုရားရဲ့ တိုက်တွန်းချက်ကို နာခံတဲ့အနေနဲ့ ဝိပဿနာတရား အားထုတ်လိုက်ကြပါစို့နော်။

ချစ်ခင်မြတ်နိုး အားကိုးထိုက်စွာ လူများစွာ ချမ်းသာကြပါစေ။
ကျန်းမာကြပါစေ။
တရားအားထုတ်နိုင်ကြပါစေ။
ဥပမိကုန်ရာ နိဗ္ဗာန်ကို မျက်မှောက် ပြုနိုင်ကြပါစေ။

**မခင်ဆန်းဆန်းအေး**

(ဓမ္မဒီပသင်တန်းသူ)

□ □ □ □ □

# “ ယီးတီးယားတား သေ၍သွားသော ”

ကျွန်မတို့ အခုသာသနာထွန်းကားတဲ့နေရာမှာ လူအဖြစ်ကိုရရှိထားတာဖြစ်တယ်။ ဒီအဖြစ်ကို ဓမ္မမိတ်ဆွေတို့ တန်ဘိုးထားစေချင်လို့ ဒီစာစဉ်လေးမှာ တင်ပြတာပါ။ ပါးစပ်က မဟုတ်ဘဲ တကယ့်ကိုရင်ထဲက နှစ်နှစ်ကာကာ တန်ဘိုးထားစေချင်လို့ပါ။

ကျေးဇူးတော်ရှင်မြတ်စွာဘုရား ပွင့်ထွန်းလာတာ ဘာအတွက်လဲ?။ ဓမ္မမိတ်ဆွေတို့ သိပြီးသားပါ။ များစွာသော သတ္တဝါတို့၏ အကျိုးစီးပွားအလို့ငှာ ပွင့်ထွန်းလာတာ မဟုတ်လား။ ကြီးမားလှစွာသော မဟာကရုဏာတော်ကြီးကို အခြေပြုပြီး လေးသင်္ချေ



ကမ္ဘာ ၁ သိန်း ပါရမီတော်ဖြည့်ဆည်းခဲ့တာ ဒီအတွက်မဟုတ်လားရှင့်။ ဒါဆိုဘယ်လို အကျိုးဖြစ်ထွန်းစေတာလဲ ?။ ချမ်းသာပျော်ရွှင်ကြစေဘို့ လမ်းညွှန်ပြပေးတာ။ အခြေအနေကောင်းတွေကို ဖန်တီးစေတာ။ လောကမှာ အလိုအလျောက်ဘာမှ မလုပ်ဘဲ ဖြစ်လာတာဘာရှိလဲ ?။ ဘာမှ အလိုအလျောက် အဆင်ပြေတာ မရှိဘူး။ အခြေအနေ ကောင်းတွေ ဖန်တီးထားမှ အကျိုးဖြစ်ထွန်းနိုင်တာ။

ကြည့်လေ . . . စီးပွားရေးနဲ့ ပတ်သက်တဲ့ အခြေအနေကောင်း ဖန်တီးထားမှ စီးပွားရေး ကောင်းတာ , ပညာရေးနဲ့ ပတ်သက်တဲ့ အခြေအနေကောင်း ဖန်တီးထားမှ ပညာရေး ကောင်းတာ , ကျန်းမာရေးနဲ့ ပတ်သက်တဲ့ အခြေအနေကောင်း ဖန်တီးထားမှ ကျန်းမာရေး ကောင်းတာ , တရားဓမ္မရေးနဲ့ ပတ်သက်တဲ့ အခြေအနေကောင်း ဖန်တီးထားမှ တရားဓမ္မတိုးတက်မှာ မဟုတ်လား ?။

မြတ်စွာဘုရားရှင်က ကောင်းကျိုးချမ်းသာကိုပေးမဲ့အခြေအနေကောင်းတွေ ဆိုးကျိုး ဆင်းရဲဘို့ ဖြစ်စေမဲ့ အခြေအနေဆိုးတွေကို ဖော်ထုတ်လမ်းညွှန်ပြပေးတာ။ အခြေအနေ ကောင်းတွေ ဖန်တီးထားရင် ကောင်းကျိုးချမ်းသာတွေ ရမယ်။ ဒီလို ထုတ်ဖော်ဟောကြား ဆုံးမခဲ့တာ။ အခြေအနေကောင်းဆိုတာ ဘာလဲ ?။ ကောင်းမှုကုသိုလ်တရားပဲ။ ကုသိုလ် တရားရှိမှ မကောင်းမှုအကုသိုလ်တရားဆိုးရှောင်မှ အခြေအနေကောင်းကို ရရှိမှာ ဖြစ်တယ်။ ဒီလိုအခြေအနေကောင်းကို ဖန်တီးထားမှ ချမ်းသာခုခဆိုတဲ့ အကျိုးစီးပွား ဖြစ်ထွန်းနိုင်မှာ။ ဒီလိုဟောပြော ဆုံးမခဲ့တာ ၄၅ ဝါပတ်လုံးပဲ။

ဒါကြောင့်ပဲ ဘုရားရှင်တိုင်းရဲ့ ဩဝါဒပါတိမောက်မှာ - “ မကောင်းမှုကို ရှောင်, ကောင်းမှုကိုဆောင်၊ ဖြူအောင် စိတ်ကိုထား” လို့ ဒီလိုပြခဲ့တာ။ ဒီလိုသာ လမ်းညွှန်မပြ ခဲ့ရင် ဘယ်တရားက ချမ်းသာသုခကို ဖြစ်စေတယ်၊ ဘယ်တရားက ဆင်းရဲဒုက္ခကို ဖြစ်စေတယ်၊ ဘယ်ခွဲခြားသိပါ့မလဲ။

လာသည်။ ထိုအားနည်းချက်ကို ပြန်လည်ဖြည့်ဆည်းရန် ကလေးလူငယ်များ အပတ်စဉ် ဘုန်းတော်ကြီးကျောင်းများ၊ ဓမ္မာရုံများသို့ သွားရောက်သည့်အလေ့အထ ပြန်လည် ပေါ်ပေါက်ရေးအတွက် အရေးတကြီး ဆောင်ရွက်ဖို့ လိုအပ်နေပါသည်။

ကမ္ဘာပေါ်တွင် ထေရဝါဒငါးနိုင်ငံရှိသည့်အနက် သီရိလင်္ကာနိုင်ငံ၌ အားကျအတုယူဖွယ်ကောင်းသော ဗုဒ္ဓဘာသာ ပညာရေးစနစ်တစ်ခုရှိပါသည်။ ထိုပညာရေးစနစ်ဆိုသည်မှာ တနင်္ဂနွေနေ့တိုင်း ဘုန်းတော်ကြီးကျောင်းတွင် ဗုဒ္ဓဘာသာ ဘာသာရပ်ကို သင်ကြားပေးသော ဓမ္မစကူးလ်စနစ်ပင်ဖြစ်ပါသည်။ လွန်ခဲ့သော နှစ်များစွာကတည်းက သီရိလင်္ကာနိုင်ငံ၏ ဗုဒ္ဓဘာသာဝင် ကလေးလူငယ်အားလုံးနီးပါးသည် ဓမ္မစကူးလ် ကျောင်းများတွင် လူငယ်တို့၏ နေ့စဉ်ဘဝအတွက် အကျိုးရှိစေမည့် ဗုဒ္ဓအဆုံးအမ တရားတော် များကို သင်ယူခွင့်ရခဲ့ကြပါသည်။

ဒီပညာရေးစနစ်ကို သီရိလင်္ကာနိုင်ငံ၌ ၁၈၉၅ ခုနှစ်ကတည်းက စတင်ခဲ့ပါသည်။ သီရိလင်္ကာနိုင်ငံသည် ၁၅၀၅ ခုနှစ်ကတည်းက ပေါ်တူဂီနယ်ချဲ့ အစိုးရလက်အောက်ကို ရောက်ရှိခဲ့တာ ဖြစ်ပြီး ၁၆၃၈ ခုနှစ်တွင် ဒတ်ချ်နယ်ချဲ့အစိုးရကလည်း ဝင်ရောက် သိမ်းပိုက်ခဲ့ပါသေးသည်။ နောက်ပိုင်း ၁၈၇၆ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ ဗြိတိသျှအစိုးရ လက်အောက်ကို ရောက်ရှိခဲ့ပြန်ပါသည်။ နယ်ချဲ့အစိုးရ များ၏လက်အောက် ကျရောက် ခဲ့ပြီးနောက်ပိုင်း ဘာသာရေးနှင့် ပညာရေးနယ်ပယ်တွင် ခရစ်ယာန်ဘာသာ ကြီးစိုးခဲ့ ပါသည်။ နယ်ချဲ့အစိုးရလက်အောက်၌ မှေးမှိန်လာခဲ့သော ဗုဒ္ဓဘာသာစာပေယဉ်ကျေးမှု များကို ပြန်လည်ထိန်းသိမ်းနိုင်ရန် ဗုဒ္ဓဘာသာ သံဃာတော်များ၏ ကြိုးပမ်းဆောင်ရွက်မှု များ ပုံစံအမျိုးမျိုးနှင့် ပေါ်ပေါက်ခဲ့ပါသည်။



ဒါသူများ မှီနေရတာမဟုတ်ဘူး။

ဒါပေမဲ့ အခြေအနေကောင်းကို ညွှန်ပြပေးမဲ့ လူတော့လိုအပ်တယ်။ ဒါအရေးကြီး တယ်။ ဒီပုဂ္ဂိုလ်လဲ ကျွန်မတို့မှာရှိတယ်။ သုံးလောကထွတ်ထား ကျေးဇူးတော်ရှင် မြတ်စွာဘုရားပဲ။ အခု မြတ်စွာဘုရားရှင်ကိုယ်တော်မြတ် လွန်တော်မူသွားပေမဲ့ တရားတော်တွေ ဒီအတိုင်း တသွေမတိမ်း ကျန်ခဲ့တယ်လေ။ ဘယ်လောက် အရတော် လိုက်လဲ။ ဘယ်လောက် လူဖြစ်ကျိုးနပ်လိုက်သလဲ?။

ကုသိုလ်ဆိုတာ - အပြစ်ကင်းတဲ့တရား

အကုသိုလ်ဆိုတာ - အပြစ်ရှိတဲ့တရား

ကုသိုလ်တရားတွေနဲ့ အခြေအနေကောင်းတွေဖန်တီးရင်း ချမ်းသာသုခရမယ်။

အကုသိုလ်တရားတွေနဲ့ အခြေအနေဆိုး ဖန်တီးရင်း ဆင်းရဲဒုက္ခရမယ် လို့သိရပြီ။

ဒါပဲလား။ ဘယ်ဟုတ်မလဲ ! ချမ်းမြေ့ရိပ်မြုံကို ပို့ပေးနိုင်တဲ့ အသိဉာဏ် ဖွံ့ဖြိုးလာ အောင် အခြေအနေကောင်းတွေကိုလည်း ညွှန်ပြပေးခဲ့တယ်။ ဒီလို အခြေအနေကောင်း တွေရှိမှ အမှန်ကိုသိတဲ့ ဉာဏ်ရလာမှာ။ ဒီဉာဏ်နဲ့မှ ချမ်းမြေ့ရိပ်မြုံကို သွားလို့ရမှာ။ တခြား နည်းမရှိဘူး။ ကျွန်မကတော့ သွားမယ်၊ သွားကိုသွားရမယ်၊ ဒါ အခွင့်ကောင်းတရပ်ပဲ။ သွားရမဲ့ ခရီးက ရှည်ချင်ရှည်မယ်။ တိုတာတော့ မဖြစ်နိုင်ဘူးလို့ထင်တယ်၊ ဘယ်လိုဖြစ်ဖြစ် သွားမယ်။

ဒါပေမဲ့ မသွားခင် ရိက္ခာထုပ် (၂)ထုပ် အရင်ထုပ်ရမယ်။ ရိက္ခာထုပ် (၂)ထုပ် ရပြီဆို ရင် ဒီရိက္ခာထုပ် (၂) ထုပ်ထမ်းပြီး လမ်းပေါ်တက်တော့မယ်။ သွားတော့မယ်လေ။ ဒါပေမဲ့ အရှေ့လား၊ အနောက်လား၊ ဘယ် Direction ကိုသွားရမှာလဲ ?။ Dircetion မရှိဘဲ သွားရင် လည်ပြီး မရောက်နိုင်ဘဲ ထုတ်ထားတဲ့ ရိက္ခာထုပ်လေး (၂)ထုပ် ကုန်ရင် ဒုက္ခ။

ဘယ်ကိုသွားမှာလဲ?။ချမ်းမြေ့ရိပ်မြုံရှိတဲ့အရပ်ကို သွားမှာ ဒါကြောင့် အရှေ့ဘက်လှည့် " ဟော . . . Dircetion ရပြီ၊ ဒါဆိုထုပ်ထားတဲ့ ရိက္ခာထုပ် (၂)ထုပ်ကုန်မှာ မစိုးရိမ် ရတော့ဘူး။ အရှေ့ဘက်တော့ ဟုတ်ပါပြီ . . တည့်တည့် သွားရမှာလား၊ ဘယ်ကွေ့ရ

အုံးမှာလား၊ ညာကွေ့ရအုံးမှာလား၊ မသိရင် သွားရောက်လိုတဲ့ အရပ်ရောက်တော့မှာ မဟုတ်ပြန်ဘူး။ ဒါဆို မြေပုံကြည့်နည်း သင်ရအုံးမယ်။

မြေပုံမကြည့်တတ်ရင် ရိက္ခာထုပ်လေး (၂)ထုပ်ထမ်းပြီး ရောက်ချင်ရာရောက်၊ ပေါက်ချင်ရာပေါက် လျှောက်သွားတော့မှာပေ့ါ။ မသိလို့မသွားပဲ ရပ်ချင်လည်း ရပ်နေမှာပေ့ါ၊ နောက်ပြန်လှည့်ချင်လည်း လှည့်မှာပေ့ါ ၊ မသိပဲသွားလို့ ချောက်ထဲကျတာလည်း ရှိမှာပေ့ါ၊ နွံအိုင်မှန်းမသိဘဲ နစ်တာလည်း ရှိမှာပေ့ါ၊ ဆူးတောထဲရောက်သွားတာလည်း ရှိမှာပေ့ါ၊ ရိက္ခာကုန်ပြီး ငတ်ပြတ်တာလည်း ရှိမှာပေ့ါ။

ဒါကြောင့်အခြေအနေကောင်းအောင် မြေပုံကြည့်နည်းသင်ရမယ်။ ဒါလည်း လမ်းပြဆရာကြီးက သင်ပေးတာပဲ၊ ညွှန်ပြပေးတာပဲ၊ ဒါဆိုအားလုံး ပြည့်စုံသွားပြီ။ လျှောက်ဘို့ပဲလိုတော့တယ်။ မပျင်းမရိ ဝီရိယနဲ့လျှောက်မယ်ဆိုရင် တနေ့တော့ရောက်ရမှာပါ။ ဒါဘာလို့ရောက်မှာလဲ ?။ ရရှိထားတဲ့ အခွင့်ကောင်းကို ပြည့်ပြည့်ဝဝ အသုံးချလိုက်လို့၊ အခြေအနေကောင်းတွေ ဖန်တီးခွင့်ရလို့ ဘယ်လိုဖန်တီးရမယ်ဆိုတာ လမ်းညွှန်ပြမှုရှိလို့။

ဓမ္မမိတ်ဆွေတို့ကော - ကျွန်မနဲ့လိုက်မှာလား

ရိက္ခာထုပ် (၂)ထုပ် - ထုပ်ပြီးပြီလား

Direction ကိုရော - သိပြီလား

မြေပုံကြည့်နည်းရော - သင်ပြီးပြီလား

ပြီးပြည့်စုံပြီဆိုရင် သွားကြစို့လေ ။ အချိန်က ကျွန်မတို့ကို မစောင့်ဘူး ။

ကျေးဇူးတော်ရှင်ပါမောက္ခချုပ်ဆရာတော်နှင့် ကျေးဇူးတော်ရှင် မဟာဗောဓိမြိုင်ဆရာတော် - တို့ကို ရိုသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးဦးတင်ပါသည်ဘုရား . . .

**အဘဘုရားရဲ့ နောက်ပါသမီးဖြစ်လိုသော**

**ဒေါက်တာချို့ချို့မာ (ဓမ္မဒီပ)**



# ယဉ်ကျေးလိမ္မာသင်တန်းများမှသည် ဓမ္မစကူးလ်များဆီသို့

မြန်မာနိုင်ငံသူနိုင်ငံသားတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းက ဗုဒ္ဓသာသနာကို ယုံကြည်သက်ဝင် လာခဲ့ကြသည်။ အုပ်ချုပ်သူများမှစ၍ အောက်ခြေလူတန်းစားများအဆုံး တစ်နိုင်ငံလုံးက ဗုဒ္ဓဘာသာကို အမြတ်တနိုး တန်ဖိုးထား ကိုးကွယ်ကျင့်သုံးခဲ့ကြသည်။ ရှေးမြန်မာမင်းများ၏ နိုင်ငံတော်တည်ဆောက်ရေးတွင် ဗုဒ္ဓဘာသာ၏ အခန်းကဏ္ဍမှာ အဓိကနေရာမှ ပါဝင်ခဲ့သည်။ နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် နိုင်ငံရေး စသော ကဏ္ဍများစွာကို ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရသည်။ သို့အတွက်ကြောင့် မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာများ၊ စာပေ၊ အနုပညာဆိုင်ရာ တိုးတက်ဖြစ်ထွန်းမှုများသည် ဗုဒ္ဓဘာသာအပေါ်တွင် အခြေပြုခဲ့ပါသည်။ ဤသို့အားဖြင့် ဗုဒ္ဓယဉ်ကျေးမှုနှင့် မြန်မာနိုင်ငံသည် တစ်သားတည်းခွဲခြားမရအောင် ဖြစ်ခဲ့ပါသည်။

ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများသည် ရှေးမြန်မာတို့၏ ပညာရည်နို့သောက်စို့ရာ ပင်မဌာနကြီးများ ဖြစ်ခဲ့ကြသည်။ သို့ဖြစ်၍ ရှေးမြန်မာလူမှုဘဝများသည် ဘာသာရေးနှင့် ဒွန်တွဲနေခဲ့သည်။ ရှေးမြန်မာ လူငယ်တို့သည် ဘာသာတရားအပေါ် တန်ဖိုးထားကာ ဘုန်းတော်ကြီးကျောင်းများမှ သင်ကြားပေး လိုက်သော အသိပညာ၊ အတတ်ပညာများဖြင့် ရပ်ရွာအကျိုး၊ နိုင်ငံ့အကျိုး၊ သာသနာ့အကျိုးတို့ကို ဆောင်ရွက်ခဲ့ကြသည်။ ယနေ့ခေတ်အခါတွင် ဘုန်းတော်ကြီးကျောင်းများနှင့် ဗုဒ္ဓဘာသာမျိုးဆက်သစ်တို့ ကင်းကွာလာပြီး တစ်စထက်တစ်စ အဆက်အသွယ် အားနည်း

ထိုအချိန်က ဆရာတော်ဂုဏနန္ဒ (Ven.Nigettuwatte Gnananda)သည် Sunday School များကို စတင်တည်ထောင်ခဲ့သူများအနက် အထင်ရှားဆုံးဖြစ်ပါသည်။ ဆရာတော်သည် အခက်အခဲမျိုးစုံ၊ ဖိနှိပ်မှုမျိုးစုံကို ကျော်လွှားပြီး ၁၈၉၅ ခုနှစ်တွင် ဂေါလ် (Galle)မြို့ ၊ ဝိဇယနန္ဒကျောင်းတွင် Sunday Schoolကိုစတင်ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ဤသင်ကြားရေးစနစ်ကို တစ်နိုင်ငံလုံး၌ရှိသော ဗုဒ္ဓဘာသာဝင်များ တညီတညွတ်တည်း ပူးပေါင်းပါဝင်လာအောင် သံဃာတော်များနှင့်အတူ ဒကာ၊ ဒကာမများကလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ ထိုအထဲမှ ထင်ရှားသော ဦးဆောင်လှုပ်ရှားသူ လူပုဂ္ဂိုလ်တစ်ဦးမှာ အမေရိကန်နိုင်ငံသား ဟင်နရီစတီးလ် အောလ်ကော့ (Henry Steel Olcott)ဖြစ်ပါသည်။

အောလ်ကော့သည် ၁၈၈၀ ခုနှစ်တွင် သီရိလင်္ကာနိုင်ငံကို ရောက်ရှိလာပြီး မကြာခင်မှာပဲ ဝိဇယနန္ဒ ကျောင်းဆရာတော် ဂုဏနန္ဒကိုအကြောင်းပြုပြီး ဗုဒ္ဓဘာသာဝင်တစ်ဦးဖြစ်လာခဲ့ပါသည်။ နောက်ပိုင်းတွင် ဓမ္မကောလိပ်များ၊ ဓမ္မကျောင်းများ၊ ဘာသာရေးဆိုင်ရာသင်တန်းများကို နိုင်ငံတစ်ဝှမ်းလုံးမှာ အများအပြား ပေါ်ပေါက်လာအောင် ဦးဆောင်လှုပ်ရှားခဲ့သူအဖြစ်လည်း သီရိလင်္ကာနိုင်ငံ၏ သမိုင်းတွင် ထင်ရှားခဲ့ပါသည်။

၁၈၉၅ ခုနှစ် ဂေါလ်မြို့၌ရှိသော ဘုန်းတော်ကြီးကျောင်းတစ်ကျောင်းမှစ၍ ကိုယ့်အားကိုယ်ကိုး စနစ်ဖြင့် စတင်ခဲ့သော Sunday School များသည် ဆယ်စုနှစ်တစ်ခုအတွင်းမှာပင် တစ်နိုင်ငံလုံးအတိုင်း အတာထိ ပျံ့နှံ့သွားခဲ့ပါသည်။ နယ်ချဲ့အစိုးရ

လက်အောက်ကျရောက်နေစဉ် လွတ်လပ်ရေးမရခင် အစောပိုင်း အချိန်ကတည်းက Sunday School စနစ်သည် သီရိလင်္ကာနိုင်ငံ၌ ခိုင်ခိုင်မာမာ အမြစ်တွယ်နေခဲ့ပါသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း သီရိလင်္ကာနိုင်ငံကို အုပ်ချုပ်ဦးဆောင်ခဲ့သူ နိုင်ငံခေါင်းဆောင် အဆက်ဆက်သည် ဓမ္မစကူးလ်တွင် ဗုဒ္ဓဘာသာ ဘာသာရပ်ကို ဆည်းပူးသင်ယူကြပါသည်။ လက်ရှိသမ္မတ ကြီးသည်ပင် ဓမ္မစကူးလ်ကျောင်းထွက်ဖြစ်သည်။ အစိုးရဌာနဆိုင်ရာ အလုပ်ခန့်အပ်မှုများတွင် Sunday School အောင်လက်မှတ်များသည် အရေးပါသောကန့်သတ်ချက်တစ်ခုအနေဖြင့် သီရိလင်္ကာနိုင်ငံတွင် လက်ရှိကျင့်သုံးနေပါသည်။ ထိုကဲ့သို့ အုပ်ချုပ်သူ လူတန်းစားမှစ၍ အောက်ခြေလူတန်းစားအဆုံး တစ်နိုင်ငံလုံးလွှမ်းခြုံထားနိုင်သော ဓမ္မစကူးလ်စနစ်သည် သီရိလင်္ကာနိုင်ငံ၏ ဘာသာရေး ရေသောက်မြစ်သဖွယ်ဖြစ်ကာ ဗုဒ္ဓဘာသာတည်တံ့မှုကို ပိုမိုခိုင်မာစေပါသည်။ သီရိလင်္ကာနိုင်ငံရှိ ရဟန်းသံဃာ၊ သီလရှင် အရေအတွက်သည် မြန်မာနိုင်ငံထက် အဆများစွာ နည်းပါးပါသည်။ သို့သော်လည်း ထေရဝါဒ ဗုဒ္ဓဘာသာနိုင်ငံများထဲတွင် နိုင်ငံတကာသို့ ဗုဒ္ဓစာပေများ ရေးသားဖြန့်ဝေမှု၊ ဗုဒ္ဓဝါဒပြန့်ပွားစေရန် ကြိုးပမ်းအားထုတ်မှု အားအကောင်းဆုံးနိုင်ငံအဖြစ် အားကျဖွယ် ရပ်တည်နေဆဲဖြစ်သည်ကို တွေ့ရှိ ရပါသည်။

ယနေ့ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတွင် ဘာသာရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုများကို အခြေခံကောင်းကောင်းဖြင့် အုတ်မြစ်ချတည်ဆောက်ထားနိုင်မည့်



လူငယ်မျိုးဆက်သစ်များ လိုအပ်လျက်ရှိပါသည်။ အဆိုပါလိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန် သီရိလင်္ကာနိုင်ငံကဲ့သို့ တစ်နိုင်ငံလုံး လွှမ်းခြုံနေမည့် ဓမ္မစကူးလ်များ ဖွင့်လှစ်နိုင်
အတွက် မဖြစ်မနေကြိုးစားရန် အချိန်တန်နေပြီဖြစ်ပါသည်။ ပြုပြင်ပြောင်းလဲရေးလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေသည့် မြန်မာနိုင်ငံတော်ကြီးအတွက် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးကို ဓမ္မစကူးလ်များက ကူညီဖော်ဆောင်ပေးကြလိမ့်မည်ဟု ယုံကြည်မိပါသည်။

(ဒေါ်ကေတုမာလာ၏ တမ္ဗပဏ္ဏိမှတ်တမ်းဆောင်းပါးနှင့် ဓမ္မစကူးလ်ဖောင်ဒေးရှင်း၏ နောက်ခံသမိုင်းကြောင်း စာအုပ်များကို ဓမ္မစကူးလ်များ ပေါ်ပေါက်ရေးအတွက် ရည်ရွယ်၍ မှီငြမ်းပြုရေးသားပါသည်။)

**ဒေါက်တာခင်မောင်ကြည်**

**(ဓမ္မဒီပ)**